KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

**အပြည်ပြည်ဆိုင်ရာ ပညာရေးကိုအကြမ်းဖက်တိုက်ခိုက်ခြင်းမှကာကွယ်ရေးနေ့ ထုတ်ပြန်ချက်**

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ ယနေ့ စက်တင်ဘာလ ၉ ရက်နေ့တွင်ကျရောက်သော အပြည်ပြည်ဆိုင်ရာ ပညာရေးကိုတိုက်ခိုက်ခြင်းမှ ကာကွယ်ရေးနေ့တွင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ စာသင်ကျောင်းများအပေါ်လက်ရှိအကြမ်းဖက်တိုက်ခိုက်မှုများအပေါ် အာရုံစိုက်စေလိုပြီး ကမ္ဘာတဝှမ်းလုံး၌ ပညာရေးအပေါ် တိုက်ခိုက်မှုများကို ရပ်တန့်ပေးရန်တောင်းဆိုလိုက်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နစက)သည် ၎င်းတို့အပေါ် တိုင်းရင်းသား လူနည်းစု ကရင်လူမျိုးများ၏ အကြောက်တရားတိုး ပွားလာစေရန် စာသင်ကျောင်းများအား တိုက်ခိုက်ခြင်းကို နည်းပရိယာယ်တစ်ခုအဖြစ် တမင်တကာ အသုံးပြုနေခြင်းဖြစ်သည်။ စစ်ရေးနည်းဗျူဟာတစ်ခုအနေဖြင့် စာသင်ကျောင်းများအပေါ် ပစ်မှတ်ထား တိုက်ခိုက်ခြင်းများကို (KHRG) သည် ကျောင်းသားကျောင်းသူများ အပါအဝင် ဆရာ/မ များနှင့်အတူ တညီတညွတ်တည်း ရပ်တည်နေပြီး ၎င်းတို့လုပ်ရပ်များကို အပြင်းအထန်ရှုတ်ချပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မိမိတို့၏ ပညာရေးလမ်းခရီးများ ပြီးဆုံးရန် ကြိုးစားနေကြသည့် အပြစ်မဲ့ကလေးများအပေါ် ပစ်မှတ်ထားတိုက်ခိုက်နေခြင်းကို ချက်ချင်းရပ်တန့်ပေးရန်နှင့် ဤပဋိပက္ခတွင် အကြမ်းဖက်မှုများအားလုံးကို လုံးဝရပ်တန့်ပေးရန် တောင်းဆိုပါသည်။

၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးကတည်းက KHRG ၏ မှတ်တမ်းပြုစုချက်အရ စာသင်ကျောင်းများအပေါ် အကြမ်းဖက်တိုက်ခိုက်မှု ၂၄ ကြိမ်အထက်ရှိနေပြီး စာသင်ကျောင်းအဆောက်အဦး ၃၇ လုံးကျော် လုံးဝပျက်စီး (သို့မဟုတ်) ထိခိုက်ပျက်စီးခဲ့ကြောင်းတွေ့ရှိရပါသည်။ KHRG မှ မှတ်တမ်းပြုစုနိုင်ခြင်းမရှိသည့် နောက်ထပ်ထိခိုက်ပျက်စီးမှုများလည်း ရှိပါသည်။ ပညာရေးအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများသည် တစ်နှစ်ထက်တစ်နှစ် တိုးပွားလာနေသည်ကို မြင်တွေ့နေရပါသည်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလအထိ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဖြစ်ပွားခဲ့သော စာသင်ကျောင်းများအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများသည် ပြီးခဲ့သော ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ် (၂) နှစ်ပေါင်းသည်ထက် အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားခဲ့သည်။ ထို့နည်းအတူ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ စာသင်ကျောင်းများအား တိုက်ခိုက်ခြင်းအပြင် နိုင်ငံတစ်ဝှမ်းရှိ စာသင်ကျောင်း များသည်လည်း တိုက်ခိုက်ခြင်း ခံနေရပါသည်။ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းတွင်မူ စစ်ကောင်စီတပ်သားများသည် မြို့စာသင်ကျောင်းတစ်ကျောင်းအား လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သောကြောင့် ကလေးငယ် ၁၂ ဦး သေဆုံးခဲ့ပြီး ၃၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ကလေးသူငယ်များသည် အကြမ်းဖက်တိုက်ခိုက်မှုများအတွင်း အသေအပျောက်များ ရှိနေသော်လည်း စစ်ကောင်စီသည် ပညာရေးအပေါ် တိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်လာသော ထိခိုက်ပျက်စီးမှုနှင့် ဆုံးရှုံးမှုများအပေါ် အရေးစိုက်ခြင်း (သို့မဟုတ်) တာဝန်ခံခြင်း လုံးဝမရှိခဲ့ပါ။ ပညာရေးအပေါ် ဆက်လက်အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် SAC သည် ကျောင်းသားများ၊ ဆရာများနှင့် မိဘများကြားတွင် နက်ရှိုင်းသော အကြောက်တရားကို အမြစ်တွယ်အောင် လုပ်ဆောင်နိုင်ခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်မှုများ ခံရနေသော ကျေးရွာများရှိ ကျောင်းသားများနှင့် အနီးနားရှိ ကျောင်းသားများသည် စစ်အစိုးရ

၏ နောက်ထပ်ပစ်မှတ် ဖြစ်လာမည်ကိုစိုးရိမ်သောကြောင့် ကျောင်းတက်ရန် တွန့်ဆုတ်နေကြသည်ဟု ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ ရေရှည်တွင် စာသင်ကျောင်းများအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများ တိုးပွားလာခြင်းသည် ပညာရေးထောက်ပံ့ရန် ရုန်းကန်နေရသော ဒေသများအတွက် ပညာရေးဆိုင်ရာ ကြိုးပမ်းမှုများကို ထိခိုက်လာစေနိုင်ပါသည်။ အတိုက်အခံများ၏ နယ်ပယ်များကို ပျက်စီးစေခြင်း၊ စိတ်ဓာတ်ကျအောင် လုပ်ဆောင်ခြင်းနှင့် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ပညာရေးကို ဆိုးရွားစေလိုခြင်းသည် စစ်ကောင်စီများကျင့်သုံးနေသော မဟာနည်းဗျူဟာသုံးခုပင်ဖြစ်သည်။

ဤကဲ့သို့သော ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှုများသည် ကမ္ဘာ့ကုလသမဂ္ဂ စာချုပ်များဖြစ်သည့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာပဋိညာဉ်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ်၊ လက်နက်ကိုင်ပဋိပက္ခများတွင် ကလေးသူငယ်များပါဝင်ပတ်သက်မှုနှင့်ပတ်သက်သည့် နောက်ဆက်တွဲစာချုပ် များကိုတိုက်ရိုက်ချိုးဖောက်နေခြင်းဖြစ်ပါသည်။ ဤချိုးဖောက်မှုများသည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေကိုလည်းချိုးဖောက်ရာရောက်ပါသည်။ စစ်ကောင်စီမှ အရပ်သားများကို ထပ်မံပြီးတိုက်ခိုက်မှုများ မပြုလုပ်နိုင်အောင် နိုင်ငံတကာနှင့် ဒေသတွင်းတာဝန်ရှိသူများမှ ဖိအားပေးလုပ်ဆောင်မှုများပိုမိုပြုလုပ်ရန် လိုအပ်ပါသည်။ ဂျာမနီနိုင်ငံတွင်ပြုလုပ်သည့် စစ်ကောင်စီအပေါ် တရားစွဲဆိုမှုနှင့် အနောက်နိုင်ငံများ၏စီးပွားရေး ပိတ်ဆို့မှုများကို ကျွန်ုပ်တို့မှကြိုဆိုသလို ဖိအားပေးမှုများကို ထပ်မံလုပ်ဆောင်ရန် တိုက်တွန်းလိုပါသည်။ စစ်ကောင်စီသည် ဆိုးရွားသည့် ရာဇဝတ်မှုများကို ချိုးဖောက် ထားသည့်အလျောက် တာဝန်ယူမှုရှိစေရမည်ဖြစ်ပါသည်။ အသက် ၁၈ နှစ်အောက်အများစုဖြစ်ကြသော ကျောင်းသားများသည် ဤ ပဋိပက္ခအတွင်း ထိခိုက်မှုမရှိသင့်ပါ။

ဆိုးရွားသထက်ဆိုးရွားလာသည့်အခြေအနေတွင် ကျောင်းသူကျောင်းသားများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့် ပညာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနေသော လူထုအခြေပြုအဖွဲ့အစည်းများကို KHRG မှ ကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။ ထိုအကူအညီပေးမှုများကို နိုင်ငံတကာ အသိုင်းအဝိုင်း၏ အကူအညီနှင့် လူထုအခြေပြုအဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့် ပိုမိုလုပ်ဆောင်ရန် လိုအပ်ပါသည်။ စာသင်ကျောင်းများသည် ပညာသင်ကြားရန်၊ လေ့လာသင်ယူရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆည်းပူးရသော နေရာတစ်ခုဖြစ်ပါသည်။ အကြမ်းဖက်မှုနှင့် အကြောက်တရားများ ဖြစ်ပွားရမည့် နေရာမဖြစ်ရပါ။

အကြံပြုချက်များ

- အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများမှ ကလေးများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီများကို လူထုအခြေပြုအဖွဲ့အစည်းများနှင့် အရပ်ဖက်အဖွဲ့အစည်းများမှတစ်ဆင့် တိုက်ရိုက်ပေးအပ်ရန်။
- အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများမှ ပညာရေးပံ့ပိုးမှုများ၊ ကျောင်းသားများနှင့်ဆရာ၊ဆရာမများကို အကာအကွယ်ပေးမှုများနှင့် ပညာရေးအဖွဲ့အစည်းများကို အကာအကွယ်ပေးမှုများတွင် ဒေသတွင်း အဖွဲ့အစည်းများနှင့် ဒေသခံများကို ညှိနှိုင်းဆွေးနွေးမှုများတွင်ပါဝင်စေရန်။

- အိမ်နီးနားချင်းနိုင်ငံများမှ လူထုအခြေပြုအဖွဲ့အစည်းများနှင့် အရပ်ဖက်အဖွဲ့အစည်းများ၏ နယ်စပ်ဖြတ်ကျော် အကူအညီပေးမှုများကို ခွင့်ပြုရန်။
- ကမ္ဘာ့ကုလသမ္မဂနှင့် အပြည်ပြည်ဆိုင်ရာတရားစီရင်ခွင့်ရှိသောနိုင်ငံများမှ စစ်ကောင်စီ၏ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများနှင့် ကလေးအခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ခံမှုရှိလာအောင်ပြုလုပ်ရန်။

**ဆက်သွယ်ရန်**


စောနန္ဒဆူး - စည်းရုံးလှုံ့ဆော်ရေးတာဝန်ခံ - hsue@khrg.org

နော်ဖောလား - စည်းရုံးလှုံ့ဆော်ရေးအရာရှိ - nawpawlah@khrg.org